# ဟဂ္ဂဲအနာဂတ္တိကျမ်း

1 ဒါရိ မင်းကြီး နန်းစံနှစ် နှစ် ၊ ဆဌမ
လ တ ရက် နေ့ တွင် ၊ ပရောဖက် ဟဂ္ဂဲ အားဖြင့် ယုဒ
မြို့ဝန် ၊ ရှာလသေလ သား
ဇေရုဗဗေလ နှင့်
ယဇ်ပုရောဟိတ် မင်း
ယောဇဒက်
သား
ယောရှု ဆီသို့
ထာဝရဘုရား ၏နှုတ်ကပတ် တော် ရောက် လာ၍၊
2 ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား
မိန့်
တော် မူ သည်ကား၊ အချိန် မ ရောက် သေး၊
ထာဝရဘုရား
၏ အိမ် တော်ကို တည်ဆောက် ရသောအချိန် မရောက်
သေး ဟု၊ ဤ
လူ များ ပြောဆို ကြသည်မှာ၊ 3 ပရောဖက် ဟဂ္ဂဲ
အားဖြင့် ထာဝရဘုရား ၏ နှုတ်ကပတ်
တော် ရောက် လာ သည်ကား၊ 4 အချင်း လူ တို့၊ သင်
တို့သည် အမိုးနှစ်ထပ်နှင့် ပြည့်စုံ သော အိမ် ၌

နေ ချိန် ရှိလျက်ပင်၊ အိမ် တော်ပျက် လျက် နေ
ရမည်လော။ 5 ယခု မှာ ကောင်းကင်ဗိုလ်ခြေ အရှင်
ထာဝရဘုရား
မိန့် တော်မူသည်ကား၊ ကိုယ်ကျင့်သောအကျင့်
တို့ ကို ဆင်ခြင် ကြလော့။ 6 သင်တို့သည် များစွာ သော
မျိုးစေ့ ကို ကြဲသော်လည်း
အသီးအနှံနည်းပါး ရ ၏။ စား
ရသော်လည်း ဝ စွာ မ
စားရကြ။ သောက် ရသော်လည်း ဝစွာ မ
သောက် ရကြ။ အဝတ်ကို ဝတ် ရသော်လည်း နွေး စွာ
မ
ဝတ်ရကြ။ အလုပ် လုပ်၍ အခ
ကို ခံရသော်လည်းမ လုံသော အိတ် ထဲမှာ သိုထားရ
ကြ၏။ 7 ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား
မိန့်
တော်မူသည်ကား၊ ကိုယ် အကျင့် တို့ကို ဆင်ခြင် ကြ
လော့။ 8 တောင် ပေါ်သို့ တက် သွား၍
သစ်သား ကို ဆောင် ခဲ့ပြီးလျှင် အိမ် တော်ကို ဆောက်
ကြလော့။ ငါသည် လည်း
အားရ ၍
ငါ၏ဘုန်း သည် ထင်ရှားလိမ့်မည်ဟု၊ ထာဝရဘုရား
မိန့် တော်မူ၏။ 9 သင်တို့သည် များစွာ ရမည်ဟု
မြော်လင့် သော်လည်း
ရသောဥစ္စာခေါင်းပါး ရ၏။ အိမ် သို့ ရောက် သောအခါ

ငါ မှုတ် လိုက်၏။ အဘယ်ကြောင့် နည်း ဟု၊
ကောင်းကင် ဗိုလ်ခြေ အရှင် ထာဝရဘုရား
မေး တော်မူ၏။ ငါ့ အိမ်
သည် ပျက် လျက်ရှိသောကြောင့် ၎င်း ၊ သင် တို့သည်
အသီးအသီး
မိမိ တို့အိမ် သို့
ပြေး သောကြောင့်၎င်း ဖြစ်သတည်း။ 10 ထိုကြောင့်
သင် တို့အပေါ် မှာ မိုဃ်း ခေါင် သဖြင့် နှင်း မကျရ။ မြေ
သည်လည်း
အသီးအနှံ ကို မ ပေးရ။ 11 မြေ ပေါ် ၌၎င်း ၊ တောင်
ပေါ် ၌၎င်း ၊ ဆန် စပါး၊ ချိုသောစပျစ်ရည် ၊ ဆီ
အပေါ် ၌၎င်း ၊ မြေ ထဲကထွက် သမျှ
အပေါ် ၌၎င်း ၊ လူ
သတ္တဝါတိရစ္ဆာန် အပေါ် ၌၎င်း ၊ လုပ်ဆောင်
သမျှ အပေါ် ၌၎င်း ၊ သွေ့ခြောက် ခြင်းဘေးကို ငါမှာ
လိုက်လေပြီဟု မိန့်တော်မူ၏။ 12 ထိုအခါ
ရှာလသေလ သား
ဇေရုဗဗေလ နှင့်
ယဇ်ပုရောဟိတ် မင်း
ယောဇဒက် သား
ယောရှု မှစ၍ ကျန်
ကြွင်းသော သူ
အပေါင်း တို့သည် မိမိ
တို့ဘုရား သခင်ထာဝရဘုရား ၏အမိန့် တော်ကို၎င်း ၊

မိမိ
တို့ ဘုရား
သခင်ထာဝရဘုရား စေခိုင်း တော်မူသောပရောဖက် ဟ
ဂ္ဂဲ စကား ကိုငြင်း နားထောင် သဖြင့် ၊ ထာဝရဘုရား
ရှေ့ တော်၌
ကြောက်ရွံ့ ကြ၏။ 13 ထိုအခါ
ထာဝရဘုရား မှာ ထားတော်မူသည် အတိုင်း
ထာဝရဘုရား ၏ တမန် ဟဂ္ဂဲ က၊ ငါ သည် သင် တို့
နှင့်အတူ ရှိ၏ဟု၊ ထာဝရဘုရား
မိန့် တော်မူကြောင်းကို လူ
များတို့အား
ဆင့်ဆို လေ၏။ 14 ထာဝရဘုရား သည်လည်း၊ ယုဒ
မြို့ဝန် ၊ ရှာလသေလ သား
ဇေရုဗဗေလ နှင့်
ယဇ်ပုရောဟိတ် မင်း
ယောဇဒက် သား
ယောရှု မှစ၍ကျန် ကြွင်းသော သူ
အပေါင်း တို့ ကို နှိုးဆော် တော်မူသောအားဖြင့် ၊ 15 ဒါ
ရိ မင်းကြီး နန်းစံနှစ် နှစ် ၊ ဆဋ္ဌမ
လ နှစ်ဆယ် လေး ရက်နေ့ တွင် ၊ သူတို့သည် လာ
၍
မိမိ တို့ ဘုရား သခင်၊ ကောင်းကင် ဗိုလ်ခြေ အရှင် ထာဝရဘုရား
၏အိမ် တော်၌

အလုပ် လုပ် ကြ၏။

# 2

1 သတ္တမ လ နှစ်ဆယ် တ ရက်နေ့တွင် ၊ ပရောဖက် ဟ
ဂ္ဂဲ အားဖြင့် ထာဝရဘုရား ၏ နှုတ်ကပတ် တော် ရောက်
လာ၍၊ 2 သင်သည် ယုဒ
မြို့ဝန် ၊ ရှာလသေလ သား
ဇေရုဗဗေလ နှင့်
ယဇ်ပုရောဟိတ် မင်း ယောဇဒက် သား
ယောရှု
မှစ၍ကျန် ကြွင်းသောသူ တို့အား
ဆင့်ဆို ရမည်မှာ၊ 3 ဤ အိမ် တော်သည် ရှေး ဘုန်း နှင့်
ပြည့်စုံသည်ကို မြင် ဘူး၍ သင် တို့တွင်
ကျန် ကြွင်းသော သူ
ကား အဘယ်သူ နည်း။ ယခု
အဘယ် အရာကို မြင် သနည်း။ နှိုင်းယှဉ်လျှင် သင် တို့
မျက်မှောက် ၌
အဘယ် မျှမဟုတ်သကဲ့သို့ ဖြစ်သည်မ ဟုတ်လော။
4 သို့သော်လည်း ၊ အိုဇေရုဗဗေလ
၊ အား
ယူလော့ ဟု၊ ထာဝရဘုရား
မိန့် တော်မူ၏။ အို ယဇ်ပုရောဟိတ် မင်း
ယောဇဒက် သား ယောရှု ၊ အား
ယူလော့။ အိုပြည် သူ ပြည် သားအပေါင်း တို့၊ အား
ယူကြလော့ဟု၊ ထာဝရဘုရား

မိန့် တော်မူ၏။ 5 အဲဂုတ္တုတု ပြည်မှ
ထွက် သောအခါ
သင် တို့နှင့်
ငါဖွဲ့
သော ပဋိညာဉ်စကား နှင့်အညီ ငါ သည် သင် တို့နှင့်
အတူ ရှိ၏။ ငါ ၏ဝိညာဉ် တော်သည် သင် တို့တွင်
နေရာ ကျ၏။ မ
စိုးရိမ် ကြ နှင့် ဟု၊ ကောင်းကင် ဗိုလ်ခြေ အရှင်
ထာဝရဘုရား
မိန့် တော် မူ၏။ 6 ကောင်းကင် ဗိုလ်ခြေ အရှင်
ထာဝရဘုရား
မိန့်
တော်မူသည်ကား၊ ကာလမကြာမမြင့် မှီကောင်းကင် ၊
မြေကြီး ၊ ပင်လယ် ၊ ကုန်း တို့ကို တဖန်
ငါ လှုပ် ဦးမည်။ 7 လူမျိုး အပေါင်း တို့ကိုလည်း
ငါလှုပ် ဦးမည်။ လူမျိုး
အပေါင်း တို့ နှစ်သက် ဘွယ်သောအရာသည် ရောက်
၍ ၊ ဤ
အိမ် ကို ဘုန်း နှင့် ငါပြည့်စုံ စေမည်ဟု၊ ကောင်းကင်
ဗိုလ်ခြေ
အရှင် ထာဝရဘုရား
မိန့် တော်မူ၏။ 8 ရွှေ နှင့် ငွေ ကို ငါ ပိုင် သည်ဟု၊
ကောင်းကင်ဗိုလ်ခြေ
အရှင် ထာဝရဘုရား

မိန့် တော်မူ၏။ 9 နောက် တည်သော ဤ
အိမ် တော်သည် အရင်
အိမ်တော်ထက်
ဘုန်း သာ၍ကြီး လိမ့်မည် ဟု၊ ကောင်းကင်ဗိုလ်ခြေ
အရှင် ထာဝရဘုရား
မိန့် တော်မူ၏။ ဤ
အရပ် ၌
လည်း
ငြိမ်သက် ခြင်းကို ငါပေး မည်ဟု၊ ကောင်းကင်ဗိုလ်ခြေ
အရှင် ထာဝရဘုရား
မိန့် တော်မူ၏။ 10 ဒါရိ မင်းကြီးနန်းစံနှစ် နှစ် ၊ နဝမ
လနှစ်ဆယ်
လေး ရက်နေ့ တွင် ၊ ထာဝရဘုရား
၏နှုတ်ကပတ် တော် သည် ပရောဖက်
ဟဂ္ဂဲ အားဖြင့်ရောက် လာလျက်၊ 11 ကောင်းကင်
ဗိုလ်ခြေ အရှင် ထာဝရဘုရား
က၊ သင်သည် တရား
အမှုကို ယဇ်ပုရောဟိတ် ၌ မေးမြန်း ရမည် မှာ၊ 12 လူ
သည် သန့်ရှင်း သော အမဲသား
ကို မိမိ
အဝတ်
နှင့် ထုတ် ၍ ဆောင် ခဲ့လျက် ၊ မုန့် ၊ ဟင်း ၊ စပျစ်ရည်
၊ ဆီ
အစရှိသော စားစရာ

တစုံတခု ကို ထိုအဝတ် နှင့် ထိ လျှင် ၊ ထိုစားစရာ
သည် သန့်ရှင်း လိမ့်မည်လောဟု မေးမြန်း သော် ၊ ယဇ်
ပုရောဟိတ်တို့က၊ ထိုစားစရာသည် မ
သန့်ရှင်းဟု ပြန်ပြော ကြ၏။ 13 ဟဂ္ဂဲ ကလည်း ၊
အသေ
ကောင်အားဖြင့် မ
စင်ကြယ်သော သူသည် ထို
အရာတစုံတခု ကိုထိ လျှင်
ညစ်ညူး ခြင်း ရှိလိမ့်မည်လောဟု မေးမြန်း သော်
၊ ယဇ် ပုရောဟိတ်တို့က၊ ညစ်ညူး ခြင်းရှိလိမ့်မည်ဟု
ပြန်ပြော ကြ၏။ 14 ဟဂ္ဂဲ ကလည်း ၊ ဤ
လူမျိုး ၊ ဤ
ပြည်သား တို့သည် ငါ့ မျက်မှောက် ၌
ထိုအတူဖြစ်ကြ၏။ သူ
တို့လုပ်ဆောင်
သမျှ သည် လည်း
ထို အတူ ဖြစ်၏။ ငါ့ထံ မှာ ပူဇော် သော အရာသည်
လည်း
ညစ်ညူး ၏ဟု၊ ထာဝရဘုရား
မိန့် တော်မူ ၏။ 15 ထာဝရဘုရား ၏ဗိမာန် တော်၌
ကျောက် တခု ပေါ် မှာ တခုကို မ
တင် မှီ၊ ယခု
နေ့ မှစ၍ အထက် အမှုကို ပြန်ကြည့်ဆင်ခြင် ကြပါ
လော့။ 16 ထိုကာလတွင် ဆန်အတင်းနှစ်ဆယ် ထွက်ရ

သော စပါး ပုံသို့
လူလာ သောအခါ
တဆယ် ကိုသာ ရ
၏။ စပျစ်ရည် အိုးငါးဆယ် ကို ယူ
ခြင်းငှါ
စပျစ်သီး နယ်ရာကျင်း သို့
လာ သောအခါ နှစ်ဆယ် ကိုသာ ရ ၏။ 17 သင် တို့
လုပ်ဆောင် သမျှ တို့တွင် လေထိ၍ အပင်သေဘေး၊
အရည်ယို၍ သေဘေးဖြင့် ငါသည် ဒဏ်ခတ်
ခဲ့ပြီ။ သို့သော်လည်း ၊ သင် တို့သည် ငါ့ ထံ သို့ပြန်၍ မ
လာကြဟု ထာဝရဘုရား
မိန့် တော်မူ၏။ 18 ထာဝရဘုရား ၏ဗိမာန် တော်တိုက်
မြစ် ကျ၍၊ နဝမ
လ နှစ်ဆယ် လေး ရက်နေ့ ၊ ယခု
နေ့ မှစ၍ ရှေ့သို့ မျှော်ကြည့် ဆင်ခြင် ကြပါလော့။
ဆင်ခြင် ရမည် အကြောင်းအရာ ဟူမူကား၊ 19 စပါး ကျီ၌
စပါး ရှိသလော။ မရှိ။ စပျစ် ပင်၊ သင်္ဘောသဖန်း ပင်၊
သလဲ
ပင်၊ သံလွင် ပင် တို့သည် အသီး
ကို မ
သီးကြသေး။ သို့သော်လည်း၊ ယနေ့
မှစ၍ သင်တို့ကို ငါကောင်းကြီး ပေးမည်ဟု မိန့်
တော်မူ၏။ 20 ထိုလ နှစ်ဆယ် လေး ရက်နေ့တွင် ၊
ထာဝရဘုရား

၏နှုတ်ကပတ် တော်သည် ဟဂ္ဂဲ
သို့
တဖန် ရောက် လာ၍၊ 21 သင်သည် ယုဒ
မြို့ဝန် ၊ ဇေရုဗဗေလ
ကို ဆင့် ဆိုရမည်မှာ၊ ငါ သည် ကောင်းကင် နှင့် မြေကြီး
ကို လှုပ် မည်။ 22 တိုင်း နိုင်ငံတို့၏ ရာဇ
ပလ္လင်များကို မှောက်လှန် ၍ ၊ အမျိုးမျိုး သော တိုင်း
နိုင်ငံတန်ခိုး ကို ဖျက်ဆီး မည်။ ရထား
နှင့်
ရထား စီး သူရဲတို့ ကိုလည်း
မှောက်လှန် မည်။ မြင်း နှင့်
မြင်း စီး သူရဲ တို့သည် တယောက် ကို တယောက်
ခုတ် ၍ လဲ ကြလိမ့်မည်။ 23 ကောင်းကင်ဗိုလ်ခြေ အရှင်
ထာဝရဘုရား
မိန့်
တော်မူသည်ကား၊ အို ရှာလသေလ သား ၊ ငါ့ ကျွန် ဇေ
ရုဗဗေလ
၊ ထိုအခါ သင့် ကိုငါယူ ၍
တံဆိပ် လက်စွပ်ကဲ့သို့ ခန့် ထားမည်ဟု၊ ထာဝရဘုရား
မိန့် တော်မူ၏။ သင့် ကို ငါရွေးချယ်
ပြီဟု၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား
မိန့် တော်မူ၏။

# မြန်မာကျမ်းစာ

## The Holy Bible in the Burmese language of Myanmar, Judson version of 1840

Public Domain

Language: ဗမာ (Burmese)

Translation by: Adoniram Judson

2024-02-15

PDF generated using Haiola and XeLaTeX on 21 Feb 2024 from source files dated 15 Feb 2024
5602fb7e-6c4f-5434-acb0-8e67903ea45f